[illegible]
**Karenni Civil Society Network**
P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com

**မတ်လ ၃၀ ရက်၊ ၂၀၂၃ ခုနှစ်**

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ နှစ်ပတ်တကြိမ် အခြေအနေ တင်ပြချက်၊ မတ်လ၁၃ရက်မှ ၂၆ရက်နေ့ထိ၊၂၀၂၃ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ် အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီ ၁ – မတ်လ ၁၂ရက်၊၂၀၂၃ | မတ်လ ၁၃ရက်– ၂၆ရက်၂၀၂၃ | စုစုပေါင်း |
|---|---|---|---|---|
| **၁** | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၃၃၉ | ၃ | ၃၄၂ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၃၄၈ | ၇ | ၃၅၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၃၅၁ | ၁၂ | ၃၆၃ |
| ၄ | **အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ** | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၇ | | ၁၅၇ |
| | ဒီးမော့ဆိုမြို့နယ် | ၄၆၅ | ၁၀၀ | ၅၆၅ |
| | ဖယ်ခုံမြို့နယ် | ၂၈၇ | | ၂၈၇ |
| | ဖရူဆိုမြို့နယ် | ၆၅ | | ၆၅ |
| | ဘောလခဲမြို့နယ် | ၂ | ၂၁ | ၂၃ |
| | ရှားတောမြို့နယ် | ၁ | | ၁ |
| ၅ | **ထုတ်ပယ်ခြင်းခံရသော CDM ပညာရေးဝန်ထမ်းများ** | | | |
| | ဖရူဆိုမြို့နယ် | ၅၂၆ | | ၅၂၆ |
| | ဒီးမော့ဆိုမြို့နယ် | ၁၁၂၃ | | ၁၁၂၃ |
| | မယ်စဲ့မြို့နယ် | ၇၈ | | ၇၈ |
| | ဖါးဆောင်းမြို့နယ် | ၁၅၂ | | ၁၅၂ |
| | ရှားတောမြို့နယ် | ၅၄ | | ၅၄ |
| | ဖယ်ခုံမြို့နယ် | ၆၄၈ | | ၆၄၈ |
| | ဘောလခဲမြို့နယ် | ၄၂ | | ၄၂ |
| | **စုစုပေါင်းထုတ်ပယ်ခြင်း** | ၂၆၂၃ | | **၂၆၂၃** |

| ထွက်ပြေးတိမ်းရှောင်မှုများအကျဉ်း | | | | |
|---|---|---|---|---|
| စဉ် | မြို့နယ် | ခန့်မှန်းဦးရေ ဇန်နဝါရီလ ၁၅ ရက်နေ့ အထိ | IDPs အသစ် မတ်လ ၁၃ရက် – မတ်လ ၂၆ ရက် | စုစုပေါင်း ထွက်ပြေးတိမ်းရှောင်မှုများ |
| ၁ | လွိုင်ကော် | ၅၂၃၁၁ | | ၅၂၃၁၁ |
| ၂ | ဒီးမော့ဆို | ၈၃၂၆၅ | | ၈၃၂၆၅ |
| ၃ | ဖရူဆို | ၄၄၀၃ | | ၄၄၀၃ |
| ၄ | ဖါးဆောင်း | ၄၀၀၀ | | ၄၀၀၀ |
| ၅ | ဖယ်ခုံ | ၅၆၀၀၀ | | ၅၆၀၀၀ |
| ၆ | ရှားတော | ၂၃၉၅ | | ၂၃၉၅ |
| ၇ | မယ်စဲ့ | ၁၀၀၀ | | ၁၀၀၀ |
| ၈ | ဘောလခဲ | ၃၇၄၁ | ၁၀၀၀ | ၄၇၄၁ |
| | **စုစုပေါင်း** | **၂၀၇၁၁၅** | | **၂၀၈၁၁၅** |

## စကစ စစ်ဆင်ရေးများနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ မတ်လ(၁၃)ရက်မှ မတ်လ(၂၆)ရက်၊ ၂၀၂၃ခုနှစ်



- **ဒေါ်တမကြီးတိုက်ပွဲတွင် ဆုံးရှုံးမှုများဖြင့် စစ်ကောင်စီသည် လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီး ပစ်ခတ်မှုနှင့် ပြည်သူနေအိမ်များအား မီးရှို့ဖျက်စီးခြင်းဖြင့် လက်တုန့်ပြန်**

ဘောလခဲနှင့် ဒီးမော့ဆိုတွင် စစ်ကြောင်းထိုးကာ တော်လှန်ရေးတပ်ဖွဲ့များ၏ ခုခံတိုက်ခိုက်မှုကြောင့် ကြီးမားသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရသော စစ်ကောင်စီတပ်များသည် လက်တုန့်ပြန်သည့် အနေဖြင့် အရပ်သားများ၏ နေအိမ်အမြောက်အများ မီးရှို့ဖျက်စီးခြင်း၊ လက်နက်ကြီးများဖြင့် ရမ်းသန်းပစ်ခတ်ခြင်းအပြင် လေကြောင်းတိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့သည်။ မတ်လ ၂၀ – ၂၃ ရက်နေ့အထိ ဒီးမော့ဆိုမြို့နယ်၊ ဒေါ်တမကြီး ဧရိယာအား ထိန်းချုပ်နိုင်ရန် ကြိုးစားနေသော စစ်ကောင်စီသည် ၎င်းတို့၏ တပ်ဖွဲ့ဝင် ၉၀ သေဆုံးကာ ၅၀ ဒဏ်ရာရရှိပြီး ဒေါ်တမကြီးဒေသအတွင်း နေအိမ်ပေါင်း ၁၀၀ ကျော်အား မီးရှို့ဖျက်စီးခဲ့သည်။ ဘောလခဲနှင့် ဒေါ်တမကြီးဧရိယာအား လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့၍ အရပ်သား သုံးဦးသေဆုံးပြီး ၅ ဦး ထိမှန်ဒဏ်ရာ ရရှိခဲ့သည်။

မတ်လ ၁၄ရက်၊ ဒီးမော့ဆိုမြို့အနောက်ဘက်တစ်နေရာတွင် ညနေ (၅)နာရီခန့်၌ စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခြင်းကြောင့် ကားတစ်စီးထိမှန်ကာ ကားတွင်းပါလာသော အမျိုးသမီးတစ်ဦး ခြေထောက် ထိမှန်ဒဏ်ရာ ရရှိခဲ့ပါသည်။

မတ်လ ၁၆ရက်၊ သံလွင်မြစ်အရှေ့ခြမ်းရှိ စစ်ကောင်စီတပ်စခန်းတစ်ခုအား ကရင်နီကွန်မတ်ဒိုတပ်ဖွဲ့မှ ညနေ(၅)နာရီအချိန်တွင် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ စစ်ကောင်စီတပ်သား၏ အလောင်း (၃)လောင်းတွေ့ရှိပြီး ကျန်တပ်ဖွဲ့ဝင်များမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ပါသည်။ ထိုတရက်တည်းတွင် ဘောလခဲမြို့နယ်၊ ရေနီပေါက် ကျေးရွာအနီးတွင် အင်အား (၁၂၀)ခန့်နှင့် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ဘောလခဲ ပြည်သူ့ကာကွယ်ရေးတပ်တို့ ၁ နာရီခွဲကြာတိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်မှ (၃)ဦးသေဆုံးကာ ဒဏ်ရာရသူ အချို့လည်းရှိပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီတပ်မှ အထိနာမှုကြောင့် ကျေးရွာတွင်းသို့ လက်နက်ကြီးများ ပစ်ခတ်ခဲ့ရာ ဒေသခံ (၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ ထို့သို့ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ရေနီပေါက် ကျေးရွာနှင့် မိုင်းထမ်းကျေးရွာမှ နေအိမ် စုစုပေါင်း **(၂၀)လုံးခန့်** နှင့် ဘုန်းကြီးကျောင်းအား ထိခိုက်ပျက်စီး ခဲ့ပါသည်။ ထို့အပြင် တိုက်ပွဲအပြီးတွင် စစ်ကောင်စီတပ်မှ ရေနီပေါက်ကျေးရွာမှ ရွာသား (၇)ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားပြီး ဘောလခဲ ရဲစခန်းတွင် ထိန်းသိမ်းထားပြီး မတ်လ (၂၂)ရက်နေ့တွင် ပြန်လည်လွတ်ပေး ခဲ့သည်။

မတ်လ ၁၈ရက်၊ ဒီးမော့ဆိုမြို့နယ်၊ တနီးလာလဲကျေးရွာအနီးတွင် ကရင်နီပူးပေါင်းတပ်ဖွဲ့များနှင့် စစ်ကောင်စီတပ် ခလရ(၅၃၁)တပ်တို့ တနေကုန်နီးပါးတိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ (၅)ဦးထက်မနည်း သေဆုံးကာ ဒဏ်ရာ ရရှိသူအချို့လည်းရှိပါသည်။

မတ်လ ၂၀ရက်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါင်ခါးကျေးရွာတွင် စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်နှင့် ဒီးမော့ဆိုမြို့ပြည်သူ့ကာကွယ်ရေးတပ်၊ KNDFတပ်တို့ နံနက် (၆)နာရီခန့်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီ တပ်မှ (၃)ဦးသေဆုံးခဲ့ကာ ကာကွယ်ရေးတပ်မှ (၆)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။

စကခ (၂) လက်အောက်ခံ တပ်ရင်း (၃)ရင်းဖြစ်သည့် ခလရ (၁၂)၊ ခမရ (၅၁၆)၊ ခမရ (၅၁၅) အပါအဝင် စစ်ကောင်စစ်ကြောင်းအမြောက်အများ ကရင်နီပြည်နယ်အတွင်းသို့ ဝင်ရောက်ကာ ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာအတွင်း တပ်စွဲထားသည့် စစ်ကောင်စီတပ်နှင့် KA, KNDF၊ နေပြည်တော်ပြည်သူ့ ကာကွယ်ရေးတပ်၊ ဘောလခဲပြည်သူ့ကာကွယ်ရေးတပ်စသည့် ပူးပေါင်းတပ်တို့ မတ်လ ၂၀ရက်မှစ၍ ၂၃ရက်ထိ တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်မှ ၃ပွင့်အဆင့်ရှိ ဗိုလ်ကြီးအပါအဝင် (၉၀)ဦး ကျော်သေဆုံးကာ အနည်းဆုံး(၅၀)ဦးထက်မနည်း ထိခိုက်ဒဏ်ရာရရှိခဲ့ပါသည်။ တိုက်ပွဲအတွင်း စစ်ကောင်စီ တပ်၏ လက်နက်အမြောက်အများကိုလည်း သိမ်းဆည်းရမိခဲ့ပါသည်။ ထိုတိုက်ပွဲတွင် စစ်ကောင်စီတပ်မှ ဒေသခံများ၏နေအိမ် အလုံး (၁၀၀)ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ပါသည်။ တိုက်ပွဲအတွင်း KNDF မှ ရဲဘော်(၂) ဦး၊ KA ရဲဘော် (၂)ဦးနှင့် နေပြည်တော်ပြည်သူ့ကာကွယ်ရေးတပ် (၁)ဦးတို့ ကျဆုံးခဲ့ပါသည်။ စစ်ကောင်စီတပ်မှ အထိနာမှု များကြောင့် တိုက်လေယာဥ်ဖြင့် (၆)ကြိမ်ဗုံးကြဲ တိုက်ခိုက် ခဲ့ပါသည်။ ထို့အပြင် ညနေ (၃)နာရီ ကျော်ခန့်တွင် စစ်ကောင်စီတပ်မှ ဘောလခဲမြို့နယ်၊ ဝမ်ပလကျေးရွာအနီးတွင် လေယဉ်ဖြင့်(၅)ကြိမ်တိုင် ဗုံးကြဲ တိုက်ခိုက်ခြင်းကြောင့် သစ်လုပ်ငန်းလုပ်ကိုင်နေသည့် အရပ်သား(၃)ဦး သေဆုံးပြီး (၅)ဦးထိခိုက် ဒဏ်ရာရရှိခဲ့ပါသည်။





ရေနီပေါက်ကျေးရွာမှ ဘုန်းကြီးကျောင်း လက်နက်ကြီးမှန်ပျက်စီး၊ ဘောလခဲ   ဒေါတမကြီးကျေးရွာအုပ်စုအား လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်၍ နေအိမ်များမီးလောင်ပျက်စီး

မတ်လ ၂၄ရက်၊ နေ့လည် ၁၀ နာရီကျော်အချိန်ခန့်တွင် ဒီးမော့ဆိုမြို့အနောက်ဘက်ခြမ်းကို စစ်ကောင်စီတပ်မှ လက်နက်ကြီးများပစ်ခတ်ခြင်းကြောင့် အရပ်သား (၂)ဦးထိမှန်ကာ နေအိမ်တစ်လုံး ထိမှန်ပျက်စီးခဲ့ပါသည်။ နေ့လည် ၁ နာရီ ၁၅ မိနစ်အချိန်တွင် စစ်ကောင်စီတပ်များသည် တိုက်လေယာဉ်တစ်စီး၊ ရဟတ်ယဉ်နှစ်စီးဖြင့် ဒီးမော့ဆိုမြို့နယ် ဒေါတမကြီးကျေးရွာအတွင်းသို့ (၃)ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

မတ်လ ၂၅ ရက်၊ ညသန်းခေါင် ၁ နာရီခွဲအချိန်တွင် ဒေါတမကြီးကျေးရွာတောင်ပေါ်သို့ စစ်ကောင်စီတပ်မှ (၄) ကြိမ် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

**Contact persons:**
Khu Ko Reh Tel: +666 5329 7814

Khu Ruby Tel: +666 24251608
Website : www.karennicsn.org
Facebook: Karenni Csn (or) https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com